မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

October 16, 2025 | Volume 95, Number 10


| ၁၆. ၁၀.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၈.၁၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၈၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၆၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၉ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကော်ဖီပန်းပွင့်ချိန် မိုးခေါင်မှုကြောင့် လာမည့်ကော်ဖီရာသီတွင် ကော်ဖီသီးအထွက်နှုန်း လျော့ကျနိုင်ဟုဆို



ကော်ဖီစိုက်ပျိုးရာဒေသများတွင် ကော်ဖီပန်းပွင့်ချိန် မိုးခေါင်မှုကြောင့် လာမည့် ကော်ဖီရာသီတွင် ကော်ဖီသီးအထွက်နှုန်းလျော့ကျနိုင်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီ သုတေသနနှင့်နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ သိရပါတယ်။

မြန်မာ့ဒေသစိုက်ကော်ဖီဟာ လာမည့်နိုဝင်ဘာလတွင် အသီးစတင်ရင့်မှည့်ပြီး ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့်မတ်လတို့တွင် လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း၊ သို့သော် ယခုလာမည့် ကော်ဖီရာသီတွင်မူ ကော်ဖီပန်းပွင့်ချိန် မိုးခေါင်မှုကြောင့် ကော်ဖီသီး အထွက်နှုန်းလျော့ကျနိုင်ခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်း ပြောကြားထားပါတယ်။ “ကော်ဖီစိုက်ဧက ကတော့ တိုးလာတယ်။ ဒါပေမဲ့ အထွက်နှုန်း တိုးမယ်၊ မတိုးဘူးဆိုတာကပြောလို့မရဘူး။ လျော့မယ်ဆိုတာကတော့ ကော်ဖီပန်းပွင့်တဲ့ အချိန်မှာမိုးခေါင်သွားတယ်။ ကော်ဖီပန်းပွင့်ချိန်မှာ လုံလောက်တဲ့ အစိုဓာတ်ကိုမရတဲ့ အတွက် အပွင့်တော်တော်များများက မအောင်ဘဲ ထပ်ထပ်ပွင့်တာတွေရှိတယ်။ အပွင့် တော်တော်များများက အသီးအဖြစ်ကို မရောက်လိုက်လို့ အထွက်နှုန်းကျနိုင်ပါတယ်”လို့ ၎င်းကပြောပါတယ်။

မြန်မာနိုင်ငံတွင် အရည်အသွေးမြင့် အထူးတန်းဝင်ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးလေ့ရှိကြောင်း နှင့် စိုက်ပျိုးဧကများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စိုက်ပျိုးနေကြောင်းလည်း သိရပါတယ်။

**Source: Myanmar Future News Agency**

## တရုတ်သို့ မြန်မာ့ဒူးရင်းသီး ကန်ဒေါ်လာ ၁ ဘီလီယံဖိုးတင်ပို့ရန် ဈေးကွက်ဝေစုရဖို့ ဆောင်ရွက်မယ်



ဒူးရင်းသီးနံ့ဟာ ပြည်တွင်းစားသုံးမှုမြင့်မားရုံသာမက တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့က ဝယ်လိုအားမြင့်မားသည့် သီးနှံဖြစ်တဲ့အတွက် တရုတ်ဈေးကွက်သို့ မြန်မာ့ဒူးရင်းသီး အမေရိကန်ဒေါ်လာ ၁ ဘီလီယံဖိုး တင်ပို့နိုင်ရန် ဈေးကွက်ဝေစုရဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရပါတယ်။

ပြည်ပဈေးကွက်တွင် ဒူးရင်းသီးစားသုံးမှုအနေဖြင့် တရုတ်နိုင်ငံမှ ကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးခန့် စားသုံးကြောင်း၊ ယင်းဈေးကွက်ကို ဗီယက်နမ်နိုင်ငံမှ ကန်ဒေါ်လာ ၄ ဘီလီယံ၊ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၄ ဘီလီယံနှင့် မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ၂ ဘီလီယံဖိုး တင်ပို့နေတဲ့အတွက် မြန်မာနိုင်ငံမှ ကန်ဒေါ်လာ ၁ ဘီလီယံဖိုး ဈေးကွက်ရဖို့ ဆောင်ရွက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ထိုသို့ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်းခြင်းကို ရန်ကုန်မြို့ရှိ ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှာ အောက်တိုဘာ ၇ ရက်နေ့၌ ရန်ကုန်၊ ပဲခူး၊ ကရင်၊ တနင်္သာရီနှင့်မွန်စသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဖွဲ့စည်းထားတဲ့ အသင်းများကိုစုစည်း၍ နိုင်ငံအဆင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းရဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်က ပြောပါတယ်။


"ကျွန်တော်က Market နဲ့ ပတ်သက်တဲ့ဟာတွေကို ဖော်ဆောင်ပေးမယ်။ တင်ပို့ချင်နေတဲ့ လုပ်ငန်းရှင်တွေကို ကျွန်တော် ဦးဆောင်ပြီး ခေါ်သွားပေးမယ်။ မြန်မာပြည်ရဲ့ ဒူးရင်းဟာ အမေရိကန်ဒေါ်လာ ဘီလီယံနဲ့ချီပြီး အမြတ်ရအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"လို့ ၎င်းကပြောပါတယ်။

မြန်မာနိုင်ငံဒူးရင်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မင်းကလည်း "အရင်က ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းခဲ့ပြီး အခုက နိုင်ငံအဆင့်ကို ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံခြား ဈေးကွက်ကို တင်ပို့နိုင်အောင်နဲ့ဈေးကွက်ရရှိရေး၊ ဒူးရင်းလောက ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ကြိုးစားဆောင်ရွက်ဖို့ အတွက်ကို ဒီအသင်းကြီးကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဒူးရင်းက ၂၀၂၇ ခုနှစ်မှာ ဈေးကွက်ထဲမှာ နိုင်ငံခြား တင်ပို့နိုင်တဲ့အထိကို ရောက်ရှိလာမှာဖြစ်တဲ့ ဈေးကွက်တစ်ခုကို ဖော်ဆောင်လာနိုင်မှာပါ"လို့ ပြောပါတယ်။

လက်ရှိမှာ ပြည်တွင်းရှိ ဒူးရင်းသီးမျိုးကွဲပေါင်း ၁၈ မျိုးရှိတဲ့အနက် ဈေးကွက်သေချာတဲ့ ဒူးရင်းမျိုးများကို ဖော်ထုတ်သွားမှာဖြစ်ကြောင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ကာ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း မြန်မာနိုင်ငံဒူးရင်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရပါတယ်။

**Source: Myanmar Future News Agency**

## ပြည်မြို့ရှိ နှမ်းဈေးကွက်တွင် ဈေးအနည်းငယ်မြင့်တက်လာ



ပြည်နှမ်းဈေးကွက်တွင် ယခုအချိန်တွင် ပြည်မြို့နယ်အနေဖြင့် နှမ်းများ ကုန်သလောက်နဲသွားပြီး အခြားမြို့နယ်များမှ ဝင်ရောက်လာသော နှမ်းများဖြင့်သာ ပွဲရုံများတွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။


ပြည်ဈေးကွက်သို့ရောက်ရှိလာသော နှမ်းနီကို မြို့တွင်းဆီစက်သမားများက ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ထို့အတူ နှမ်းနက်နှင့်စမုံနက်နှမ်းကို မန္တလေးဝယ်လက်နှင့် အောင်လံဝယ်လက်များက ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၂၀၀ ခန့်

အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဈေးနှုန်းများအနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် နှမ်းနီ ၁ တင်းလျှင် ၁၂၀,၀၀၀ ကျပ်၊ နှမ်းနက် ၁ တင်းလျှင် ၂၀၀,၀၀၀ ကျပ်နှင့် စမုန်နက်နှမ်း ၁ တင်းလျှင် ၂၃၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ယခင်အပတ်ကဈေးနှင့်နှိုင်းယှဉ်လျှင် နှမ်းနီဈေးမှာ ဈေးငြိမ်နေပြီး၊ နှမ်းနက်နှင့်စမုန်နက်ဈေးများသာ မြင့်တက်လာခဲ့ပါသည်။

**Source: DOCA(ပဲခူး)**

https://www.doca.gov.mm/my/node/53046

## သာယာဝတီခရိုင်တွင် ဒေသထွက်ကွမ်းသီးများ ဈေးကောင်းရနေ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်း အိမ်ခြံမြေအတွင်း၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသော ကွမ်းသီးပင်များမှာ ယခုအချိန်တွင် ကွမ်းသီးများ ရင့်မှည့်လာသည့် အချိန်ဖြစ်သည့်အတွက် ကွမ်းသီးမှည့်များကို ခူးဆွတ်ရောင်းချရာ ဈေးကောင်းရလျက်ရှိပါသည်။ ယခင်နှစ် ကွမ်းသီးမှည့်ဈေးမှာ ၁ လုံးလျှင် ၂၀ ကျပ်ခန့်မှ ၃၀ ကျပ်ခန့်သာ ရရှိလျက် ယခုနှစ်ရာသီပေါ်ချိန်မှာ အမှည့်တစ်လုံးလျှင် ၅၀ ကျပ်မှ ၆၀ ကျပ်ခန့်ထိ ဈေးကောင်းရနေပြီး အဆိုပါကွမ်းသီးများကို ခွဲ၍နေလှန်းပြီး အခြောက်ခံကာ စိပ်ပြီးကွမ်းသီးများကို ရောင်းချလျှင် ယခင်နှစ်က ကွမ်းသီးခြမ်း ၁ ပိဿာကို ၈၀၀၀ ကျပ်ခန့်မှ ၁၀,၀၀၀ ကျပ်ခန့်ထိသာရရှိပြီး ယခုနှစ်မှာတော့ ကွမ်းသီးခြမ်း ၁ ပိဿာလျှင် ၂၅,၀၀၀ ကျပ်မှ ၂၉,၀၀၀ ကျပ်ထိ ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိနေကြောင်း သိရပါသည်။

**Source: DOCA(ပဲခူး)**

https://www.doca.gov.mm/my/node/53050

## ပြောင်းဈေးကောင်းနိုင်ချေမရှိသေးကြောင်း ကုန်သည်များသုံးသပ်ထား

ပြီးခဲ့သည့်လဖြင့်ယှဉ်ကြည့်ရာ လက်ရှိပြောင်းဈေးများကျဆင်းနေပြီး နောက်ပိုင်းတွင်လည်း ဈေးကောင်းလာနိုင်ချေမရှိသေးကြောင်း ကုန်သည်များက သုံးသပ်ထားကြသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့အနေဖြင့် ပြောင်းဈေးသက်သာသည့် အနောက်နိုင်ငံများမှ ပြောင်းများကိုဝယ်ယူနေ၍ မြန်မာပြောင်းဈေးမှာ အမြင့်ဈေးရဖို့ မျှော်မှန်းလို့မရနိုင်သေးကြောင်း သုံးသပ်ထားကြသည်။

ပြီးခဲ့သည့်လအတွင်းက ပြောင်းတစ်ပိဿာ လျှင် ၁,၅၆၀ မှ ၁,၅၈၀ ကျော်ထိ ရှိခဲ့ရာမှ ယခုလအတွင်း ပြောင်းတစ်ပိဿာလျှင် ၁,၄၅၀ ကျပ်မှ ၁,၄၇၀ ကျပ် ဝန်းကျင်သို့ ကျဆင်းလျက်ရှိနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါသည်။ "တချို့ကလဲ ပြောင်းဈေးက အောက်တိုဘာ၊ နိုဝင်ဘာလမှာ ဈေးမရနိုင်သေးပါဘူးလို့ သုံးသပ်ထားကြတယ်။ ထိုင်းကလည်း မြန်မာနိုင်ငံက အဝယ်ရပ်ပြီး အမေရိကန်က ပြောင်းကို မဖြစ်မနေ ဝယ်ယူပေးနေရတဲ့ အခြေအနေဖြစ်နေတော့ လက်ရှိမှာ ထိုင်းမှာဈေးတက်လဲ မြန်မာပြောင်းဈေးနဲ့ သိပ်မဆိုင်သလို ဖြစ်နေတယ်" ဟု ပြောင်းကုန်သည်တစ်ဦးကပြောသည်။

လက်ရှိ ပြည်ပတင်ပို့ရာတွင်လည်း အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုမရတော့သည့်အတွက် ထိုင်းနိုင်ငံသို့တင်ပို့မှုကို စက်တင်ဘာလမှ ဖေဖော်ဝါရီလအထိ ရပ်နားထားကြပြီး ဈေးကွက်အတွင်း ပို့ကုန်ဝယ်လက်သမားများ၏ ဝယ်ယူမှုမှာလည်း ကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရပါသည်။

ထို့ပြင် ပြည်တွင်းမတည်ငြိမ်မှုကြောင့် နယ်စပ်လမ်းကြောင်းများတွင် အချိန်ကြာမှုများလည်းရှိကြောင်း သိရသည်။ လက်ရှိကမ္ဘာ့ပြောင်းပေါက်ဈေးမှာလည်းကျနေပြီး သဘော်တင် FOB ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၄၀ မှ ၂၅၀ အထိသာ ရှိကြောင်း သိရပါသည်။

သို့ဖြစ်၍ ထိုင်းနိုင်ငံအစား တရုတ်နှင့် အခြားနိုင်ငံသို့ အနည်းငယ် အထိုက်အလျောက် တင်ပို့နေကြောင်းလည်း သိရပါသည်။ မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်သောပြောင်းသည် မျိုးရိုးဗီဇမပြုပြင်ထားခြင်းနှင့် စိုက်ပျိုးချိန် ပိုးသတ်ဆေးဖျန်းခြင်းများ မရှိခြင်းကြောင့် အခြားနိုင်ငံများနှင့်ယှဉ်ပါက အားသာချက်ရှိပြီး ကမ္ဘာ့ပြောင်းပေါက်ဈေးနှင့် ယှဉ်တွဲဈေးရနေခြင်းဖြစ်ကြောင်း သိရပါသည်။

နှစ်စဉ် ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် နှစ်ဒသမသုံးသန်းနှင့် နှစ်ဒသမခြောက်သန်းကြားတွင် ထွက်ရှိလျက်ရှိကြောင်း သိရပါသည်။

**Source: AMIA**

**Htwet Toe (ထွက်တိုး)**

## အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စတီးလ်တင်သွင်းမှုပြုသည့်ခွဲတမ်းကို ထက်ဝက်နီးပါးလျှော့ချမည့် ဥရောပသမဂ္ဂ၏အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုကို ထိခိုက်စေနိုင်

အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စတီးလ်တင်သွင်းမှုပြုသည့်ခွဲတမ်းကို ထက်ဝက်နီးပါးလျှော့ချမည့် ဥရောပသမဂ္ဂ၏ အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုကို ထိခိုက်စေနိုင်သည်ဟု ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၈-၁၀-၂၀၂၅ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ဥရောပသမဂ္ဂဈေးကွက်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်ပို့ကုန်များအတွက် ဒုတိယမြောက်အကြီးဆုံး ပို့ကုန်ဈေးကွက်ကြီးဖြစ်ပါသည်။ သို့ဖြစ်၍ သတ်မှတ်ခွဲတမ်းထက် ပိုမိုတင်သွင်းလာသည့် စတီးလ်ကုန်စည်များအပေါ် စည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံရန် စီစဉ်နေမှုကို အမှန်တကယ် အကောင်အထည်ဖော်ပါက တောင်ကိုရီးယားနိုင်ငံအပေါ် များစွာထိခိုက်စေမည်ဖြစ်ပါကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ဥရောပသမဂ္ဂက ယခုကဲ့သို့စီစဉ်ဆောင်ရွက်ခြင်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စတီးလ်လုပ်ငန်းရှင်များကို ကာကွယ်ပေးရန်ဖြစ်ပါသည်။ သို့သော် ဥရောပသမဂ္ဂနှင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်(Free Trade Agreement-FTA)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးသည့် နိုင်ငံများအတွက် ခွဲတမ်းသတ်မှတ်မှုကို စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဖြင့် နိုင်ငံ၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေး အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ရေး ကိုယ်စားလှယ် Mr. Yeo Han-koo သည် ဥရောပသမဂ္ဂကော်မရှင်၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုံခြုံစိတ်ချရမှုဆိုင်ရာ တာဝန်ရှိသူ Mr.Maroš Šefčovič နှင့် မကြာမီရက်များအတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားပါသည်။

အမေရိကန်ပြည်ထောင်စုက ချမှတ်လိုက်သောစည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်း အကျိုးဆက်ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှု သည် ၅ လဆက်တိုက်ကျဆင်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် စတီးလ်တင်ပို့မှု ၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားပါသည်။

**Source: Korea Times**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm

## ထိုင်းကုမ္ပဏီများအတွက် ဈေးကွက်ရှာဖွေပေးနိုင်ရေး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိ

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက နိုင်ငံအတွက်ဝင်ငွေ ဘတ် ၃ ဘီလီယံကျော်ရရှိနိုင်မည့် ဈေးကွက်သစ်များရှာဖွေရာ၌ ထိုင်းစီးပွားရေးလုပ်ငန်းများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

အမေရိကန်အခွန်ကြောင့် ထိခိုက်ခဲ့သော ထိုင်းလုပ်ငန်းရှင်များအတွက် ဈေးကွက်အသစ်များ ရှာဖွေပေးရန် အထူးလုပ်ငန်းအဖွဲ့စီမံကိန်း(Special Task Force Project)ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းအရ အဝယ်အမှာစာ ဘတ် ၁ ဒသမ ၆ ဘီလီယံရရှိစေမည့် လုပ်ငန်း ၁၇၉ ခုအတွက် ဦးတည်ဆောင်ရွက်ပေးခဲ့ရာ ရလဒ်သည် ခန့်မှန်းထားသည်ထက်ကျော်လွန်၍ ဘတ် ၃ ဘီလီယံထိ အမှာစာများရရှိခဲ့ပါကြောင်း၊ ကုန်သွယ်ရေးကိုယ်စားလှယ် ၅ ဖွဲ့ကို မတူညီသောဒေသများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အာဂျင်တီးနား၊ ချီလီနှင့် ဘရာဇီးတို့ပါဝင်သည့် လက်တင်အမေရိကတွင် မော်တော်ယာဉ်

အစိတ်အပိုင်းများ၊ ယန္တရားများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စည်သွပ်ဘူးများနှင့်မုန့်များ စသည့်ထုတ်ကုန်များကို ဦးစားပေးသွားမည်ဖြစ်ပြီး ဘတ် ၅၉၅ သန်း ရရှိစေရန်ဖြစ်ကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Sunanta Kangvalkulkij က ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ အာရပ်စော်ဘွားများပြည်ထောင်စုကို ဦးစားပေးလျက်ရှိပြီး အဓိကအားဖြင့် အစားအစာ၊ တိရစ္ဆာန်အစာနှင့်အိမ်မွေးတိရစ္ဆာန်အစာတို့ဖြစ်ရာ တန်ဖိုးအားဖြင့် ဘတ် ၂၀၇ သန်းမှန်းထားပါကြောင်း၊ အာဖရိက၌ မာလီ၊ ဆီနီဂေါနှင့် အိုင်ဗိုရီကမ်းရိုးတန်းတို့သည် အဓိကဈေးကွက်များဖြစ်ပြီး စိုက်ပျိုးရေးနှင့် အစားအစာပြုလုပ်သည့် ယန္တရားများကို ဦးစားပေးဈေးကွက်ရှာဖွေသွားမည်ဖြစ်ပြီး ဘတ် ၇၉၇ သန်းရရှိနိုင်ရန် မျှော်မှန်းထားပါကြောင်း၊ အိန္ဒိယအတွက် ပရိဘောဂ၊ အိုးခွက်ပန်းကန်များ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် စီမံကိန်းအကြီးစားများတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်ပြီး အမှာစာ တန်ဖိုးအားဖြင့် ဘတ် ၁ ဒသမ ၃၃ ဘီလီယံရရှိခဲ့ပါကြောင်း၊ အိန္ဒိယသို့ အခြားသောကုန်စည်များအနေဖြင့် အစားအစာနှင့် အစားအစာပြုလုပ်သည့် ကုန်ပစ္စည်းများဖြစ်ရာ ဘတ် ၁၀၀ သန်းရရှိခဲ့ပါကြောင်း၊ ဈေးကွက်များစွာ၏ စိတ်ဝင်စားမှုကိုရရှိခဲ့ပြီး အာဂျင်တီးနားနှင့် ချီလီတို့သည် ထိုင်းထုတ်ကုန်များအပေါ် စိတ်ဝင်စားမှုပြသခဲ့ပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက် ပြောကြားခဲ့သည်။

တောင်အမေရိကန်နိုင်ငံများဖြစ်သည့် ကိုလံဘီယာ၊ ပီရူးနှင့် အီကွေဒေါတို့သည် ဈေးကွက်သစ်များဖြစ်ပြီး ဆွေးနွေးဆဲ အခြေအနေရှိပါကြောင်း၊ အစိုးရကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုများသည်လည်း ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေရုံသာမက အဆိုပါဈေးကွက်များသို့ ဝင်ရောက်ပါက ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများကိုလည်း သတိပြုမိစေပါကြောင်း၊ STF စီမံကိန်းကို ဘတ်ဂျက် ၃၃ သန်းဖြင့် စတင်ခဲ့ပြီး စီးပွားရေးအရ ပြန်ရချက်မှာ ဘတ် ၃ ဒသမ ၀၃ ဘီလီယံရှိပါကြောင်း၊ လုပ်ငန်း ၁၄၉ ခုကို ယှဉ်ပြိုင်နိုင်မှုကို ထိန်းထားစေနိုင်ပြီး ထောက်ပံ့ပို့ဆောင်ရေး၊ ထုပ်ပိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စတုတ္ထသုံးလပတ်တွင် ဈေးကွက် ၃ ခုကို ထပ်လောင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဘတ် ၁၉၀ သန်းရရှိရန် ခန့်မှန်းထားပါကြောင်း၊ ဈေးကွက်သစ်များမှာ တရုတ်နိုင်ငံအနောက်ပိုင်းရှိ ချန်ဒူး၊ ချုံချင့်နှင့် စီရှမ်ဘန်းနားတို့ဖြစ်ပြီး အစားအစာ၊ အဖျော်ယမကာနှင့် အိမ်မွေးတိရစ္ဆာန်အစာ၊ ဗီယက်နမ်တွင် မိခင်နှင့်ကလေးကုန်ပစ္စည်းများနှင့် အိန္ဒိယနိုင်ငံ မွန်ဘိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများဖြစ်ကြောင်း Ms. Sunanta က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**Source:** www.bangkokpost.com

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm

## ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှု ယာယီရပ်ဆိုင်းထားခြင်းကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်ထိ သက်တမ်းတိုးသွားမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံတွင် စပါးရိတ်သိမ်းထွက်ရှိမည်ရာသီတွင် ပြည်တွင်းဈေးကွက် တည်ငြိမ်မှုရှိစေရန် ဆန်တင်သွင်းမှု ရပ်ဆိုင်းထားခြင်းကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်ထိ သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတစ်လတည်းသာ ဆန်တင်သွင်းခွင့်အား ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလတွင် တင်သွင်းခွင့် ပြန်လည်ရပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ပြည်တွင်းရှိ ဆန်တောင်သူများအနေဖြင့် စပါးလက်ကျန်ပိုလျှံနေမှုကြောင့် စပါးဈေးနှုန်းကျဆင်းနေမှုဒဏ်ကို ခံစားနေရသည့်အတွက် ၎င်းတို့အနေဖြင့် ဆုံးရှုံးမှုများ ထပ်မံမဖြစ်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြည်တွင်းဆန်လိုအပ်ချက်ပမာဏအပေါ်မူတည်ပြီး ဆန်တင်သွင်းလျက်ရှိရာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ဆန်တန်ချိန် ၃ ဒသမ ၅ သန်း တင်သွင်းရောက်ရှိထားပြီး ၂၀၂၄ ခုနှစ်၊ အလားတူကာလက ဆန်တန်ချိန် ၂ ဒသမ ၇ သန်းသာ တင်သွင်းခဲ့ခြင်းဖြစ်သောကြောင့် တင်သွင်းမှု ပိုမိုမြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်း မှုမှာ နှစ်စဉ်တန်ချိန် ၃ ဒသမ ၆ သန်းခန့် သို့မဟုတ် တစ်လလျှင် ဆန်တန်ချိန် ၃ သိန်းခန့်သာ လိုအပ်ချက်ရှိသော်လည်း ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းဆန်လိုအပ်ချက်ထက် တန်ချိန် ၁ ဒသမ ၂ သန်းပိုမို၍ ဆန်တန်ချိန် ၄ ဒသမ ၈ သန်းထိ စံချိန်တင် တင်သွင်းခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားပါသည်။

ထို့ပြင် သမ္မတမားကို့စ်ဂျူနီယာသည် ၂၀၂၄ ခုနှစ်က ပြည်တွင်းရှိ ဆန်လက်လီဈေးနှုန်းများ ကျဆင်းမှုရှိစေရန် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့ခြင်းအစား မူလအတိုင်း ၃၅ ရာခိုင်နှုန်းသို့ ပြန်လည်တိုးမြှင့်သွားရန်ကိုလည်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ အခွန်နှုန်းထားလျှော့ချပေးခဲ့သဖြင့် တိုင်းပြည်၏ အခွန်ရရှိငွေသည် ၂၀၂၄ ခုနှစ်အတွင်း ပီဆို ဘီလီယံ ၂၀ ခန့်လျော့ကျခဲ့ပါကြောင်း၊ ထို့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် သမ္မတ၏ အခွန်နှုန်းပြန်လည်မြှင့်တင်မည့်အစီအစဉ်အပေါ် ကန့်ကွက်ရန်မရှိပါကြောင်း ဖော်ပြပါရှိပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အနောက်တောင်မုတ်သုံလေနှင့် တိုင်ဖွန်းများဖြစ်ပွားပြီး ရာသီဥတုဆိုးရွားခဲ့သော်လည်း စပါးထွက်ရှိမှုပမာဏ တန်ချိန် ၂၀ ဒသမ ၂၉ သန်းမှ ၂၀ ဒသမ ၅၁ သန်းခန့်နှင့်ညီမျှသည့် ဆန်တန်ချိန် ၁၂ ဒသမ ၇၈ သန်းမှ ၁၂ ဒသမ ၉၁၂ သန်းထိ စံချိန်တင်မြင့်တက်ထွက်ရှိခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဆန်လက်ကျန်ပမာဏသည် ၂၀၂၅ ခုနှစ်၊ နှစ်ကုန်တွင် တန်ချိန် ၃ ဒသမ ၂၄ သန်း မှ ၄ ဒသမ ၀၆ သန်းခန့်ထိရှိနိုင်ပြီး ပြည်တွင်းစားသုံးရန် ရက်ပေါင်း ၈၅ ရက်မှ ၁၀၆ ရက်ထိ ဖူလုံမှုရှိပါကြောင်း၊ ဆန်တင်သွင်းမှုအား ရက်ပေါင်း ၆၀ မှ ၁၂၀ အတွင်း ရပ်ဆိုင်းခဲ့သော်လည်း ဆန်လက်ကျန်ပမာဏ လုံလောက်နေဆဲဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority – NFA)မှ ပြည်တွင်းတောင်သူများထံမှ တစ်အိတ်လျှင် စပါး ၅၀ ကီလိုပါ အိတ်ပေါင်း ၄ သန်းအား တစ်ကီလိုလျှင် အနိမ့်ဆုံးဈေး ၁၇ ပီဆိုဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ပြီး တောင်သူ ၄ သောင်းခန့် အကျိုးအမြတ်ရရှိစေနိုင်မည်ဖြစ်ပါသည်။ သမ္မတရုံးမှလည်း အမိန့်ကြော်ငြာစာနှစ်ခု ထုတ်ပြန်ကြေညာသွားရန် ပြင်ဆင်လျက်ရှိပြီး တစ်ခုမှာ အစိုးရမှ စပါးဝယ်ယူရေးအတွက် ကြမ်းခင်းဈေး သတ်မှတ်သွားမည့်ကိစ္စနှင့် ကျန်တစ်ခုမှာ ပီဆို ၃ ဘီလီယံအား အရေးပေါ်အခြေအနေတွင် သယ်ယူပို့ဆောင်ရေး၊ ဆန်သိုလှောင်ရုံများငှားရမ်းရေး၊ သယ်ယူမည့်ကုန်ကားများနှင့် မုန်တိုင်းကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ကောက်ပဲသီးနှံများ အစိုးရမှဝယ်ယူပေးရေးလုပ်ငန်းများတွင် သုံးစွဲသွားရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးရန်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

**Source:**https://www.da.gov.ph/da-chief-says-rice-import-ban-to-be-extended-till-yearend/

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article

## STOCK EXCHANGE (16.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Oct 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 9,242 (Shares) | 43,978,050 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 3,749 | 30,815,600 | 33,109,694 | 271,500 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,350 | 793 | 2,701,450 | 38,929,150 | 134,306 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 2,500 | +150 | +6.38% | 2,350 | 2,500 | 2,350 | 643 | 1,607,350 | 29,664,613 | 74,162 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,750 | 2,750 | 2,700 | 295 | 806,750 | 12,823,224 | 34,623 |
| EFR | 00006 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,800 | 3,078 | 5,721,300 | 19,977,223 | 37,957 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 5 | 17,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 679 | 2,308,600 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th Oct 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.34 | +0.79 | +0.20% | 397.55 | 398.34 | 396.32 | 9,242 | 43,978,050 | 8 | 751,345 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 16th Oct 2025

| Trading Volume | Trading Value |
|---|---|
| 9,242 (Shares) | 43,978,050 (MMK) |

### Main Board

As of 1:00 pm, 16th Oct 2025

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 9,242 (Shares) | 43,978,050 (MMK) |

| MYANPIX | 398.34 ▲ 0.79 |
|---|---|
| Total Volume (shares) | 9,242 |
| Total Value (MMK) | 44 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,345 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,500 | ▲ 150 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 1,900 | ▲ 50 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 0 |